ကိုရင် ဗုဒ္ဓရက္ခိတ....ကျန်းကျန်းမာမာရှိလျှင်—

(က) မတ်မတ်ရပ်၍ ကျင်ကြီးကျင်ငယ် မစွန့်ကောင်း။

(ခ) စိမ်းစို၍ ရှင်နေသောမြက်ပင် သစ်ပင် သစ်ကိုင်း သစ်ခက် သစ်ရွက်ပေါ်၌လည်း ကျင်ကြီး ကျင်ငယ် မစွန့်ကောင်း, တံထွေးနှပ်တို့ကိုလည်းမထွေးမညှစ်ကောင်း။

(ဂ) သောက်၍ သုံး၍ ဖြစ်လောက်သော ရေတွင်း ရေကန်စသော ရေထဲ၌လည်း ကျင်ကြီး ကျင်ငယ် နှပ် တံထွေးတို့ကို မစွန့်ကောင်း၊ မြစ်ကြီး ချောင်းကြီးတို့၌ကား စွန့်သည့်အတွက် ရေမပျက်သောကြောင့်ငင်း, လှေသင်္ဘောစီးသွားစဉ် ရေလွတ်သော ကုန်းနေရာကို မရသောကြောင့်ငင်း စွန့်ကောင်းပါ၏။

---

## လေ့ကျင့်ခဏ်း မေးခွန်း

က။ အဘယ်ကို စီးနင်းထားသူ, အဘယ်ပေါ်၌ ရောက်နေသူအား မိမိက ထိုင်၍ ရပ်၍ တရားမဟောကောင်းသနည်း။

ခ ။ အဘယ်သို့ နေသူများအား တရားမဟောကောင်းသနည်း။

ဂ ။ မိမိက အခင်းမပါသော နေရာ၌ ထိုင်၍ ဘယ်လိုနေသူအား တရားမဟောကောင်းသနည်း။

ဃ။ ကျန်းမာလျှင် ဘယ်လိုနေ၍ ကျင်ကြီးကျင်ငယ် မစွန့်ကောင်းသနည်း။

င ။ ဘယ်လိုနေရာများ၌ ကျင်ကြီး ကျင်ငယ် နှပ် တံထွေးတို့ကို မပြုကောင်းသနည်း။

သေခိယသိက္ခာပုဒ်များ ပြီး၏။